# မြန်မာပြည်သူ့ဖိုရမ်၏ ထုတ်ပြန်ကြေညာချက်

## ဒီဇင်ဘာလ (၃၀) ရက် ၂၀၁၃ ခုနှစ်

မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အသံများကို စုစည်းဖော်ထုတ်ပြီး အာဆီယံပြည်သူ့ဖိုရမ် အတွက် ကြိုတင်ပြင်ဆင်ရန်ဆိုသောရည်ရွယ်ချက်ဖြင့် ပထမအကြိမ်ကျင်းပသည့် မြန်မာပြည်သူ့ဖိုရမ်ကို ဒီဇင်ဘာလ (၂၈) ရက်မှ (၃၀) ရက် အတွင်း ရန်ကုန်မြို့ရှိ MCC Hall တွင်ကျင်းပခဲ့သည်။ ထိုဖိုရမ်သို့ အရပ်ဘက်လူမှုအဖွဲ့အစည်းပေါင်း (၁၆၅) ဖွဲ့ နှင့် တသီးပုဂ္ဂလပေါင်း (၆၅၀) ဦးခန့် တက်ရောက်ခဲ့သည်။

သုံးရက်တာကျင်းပခဲ့သောထိုဖိုရမ်အတွင်းတွင် တရားမျှတမှုနှင့် လူ့အခွင့်အရေး၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာခေါင်းစဉ် လေးခုဖြင့် အလုပ်ရုံပေါင်း (၁၈) ခု ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအလုပ်ရုံများမှ အောက်ပါအတိုင်း သုံးသပ်ခဲ့သည်။

***တရားမျှတမှု၊ လူ့အခွင့်အရေးနှင့် ပတ်သက်၍***

၁။ နိုင်ငံတော်အတွင်း နိုင်ငံတကာ ကလေးအခွင့်အရေး စာချုပ်ပါ အခွင့်အရေးများနှင့်ပတ်သက်ပြီး ထိရောက်စွာ အကောင်အထည်ဖော် လုပ်ဆောင်မှုများသည် ရှင်သန်ခွင့်၊ ဖွံ့ဖြိုးခွင့်၊ ကာကွယ်စောင့်ရှောက်မှု ရပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ဆိုသည့်ကဏ္ဍတိုင်းနှင့် အဆင့်တိုင်းတွင် အားနည်းလျက်ရှိသည်။

၂။ ကလေးစစ်သား အသုံးပြုမှုများ ဆက်လက်ရှိနေပြီး ၄င်းတို့အား ကာကွယ်ပေးမှု၊ အသုံးပြုသူများအား တုံ့ပြန်အရေးယူဆောင်ရွက်ပေးမှုနှင့် ဘဝပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ထိရောက်စွာ လုပ်ဆောင်မှု အားနည်းလျက် ရှိနေဆဲဖြစ်သည်။

၃။ လက်ရှိကလေးသူငယ်ဥပဒေနှင့် နည်းဥပဒေများသည် နိုင်ငံတကာ ကလေးအခွင့်အရေး စံချိန်စံညွှန်းများနှင့် မကိုက်ညီဘဲ အားနည်းနေလျက်ရှိသည်။

၄။ လယ်ယာမြေဆိုင်ရာဥပဒေများသည် အားနည်းချက် များရှိပြီး တရားစီရင်ရေးတွင်လည်း လိုအပ်ချက်များ ရှိနေသည်။ တောင်သူအရေးပေးမူဝါဒသည် အပြောသာ ရှိပြီး အောက်ခြေ၌ လုပ်ဆောင်မှုများနှင့် လွဲချော်နေသဖြင့် တောင်သူလယ်သမားနှင့် ရေလုပ်သားငယ်များ၏ အခွင့်အရေးများအား များစွာ ထိခိုက် နစ်နာနေသည်။ ထို့ပြင် မြေယာသိမ်းဆည်းမှုနှင့် လျော်ကြေးငွေပြဿနာများတွင်သက်ဆိုင်ရာ အာဏာပိုင်နှင့် ၎င်းတို့နှင့်နီးစပ်သော အဂတိလိုက်စားသူတချို့ကြောင့် ပြဿနာကို ပိုမိုရှုပ်ထွေးစေသည်။

၅။ အလုပ်သမားများ၏ အခွင့်အရေးများအတွက် ယခုအချိန်ထိ ထိထိရောက်ရောက် မဖြေရှင်းနိုင်ခြင်းကြောင့် ဆန္ဒထုတ်ဖော်နေရခြင်းမှာ ဥပဒေအားနည်းချက်များ၊ အလုပ်ရှင်များ၏ လူ့အခွင့်အရေး အတွက် လေးစားလိုက်နာမှုများ အားနည်းခြင်းကြောင့် ဖြစ်သည်။

၆။ ယခုလက်ရှိ ရင်းနှီးမြှုပ်နှံမှုများကို စဉ်းစားသုံးသပ်ရာတွင် ဒေသခံများအတွက် ကောင်းကျိုးထက်ဆိုးကျိုးများ များနေပြီး မြန်မာနိုင်ငံတွင် လာရောက်အကောင်အထည်ဖော်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့လိုက်နာလုပ်ဆောင်သင့်သည့် အချက်အလက် များကို သိလျက်နှင့်လျစ်လျူရှုသည့်အခြေအနေများကို တွေ့ရသကဲ့သို့ အစိုးရဖက်မှလည်း စောင့်ကြပ်မှုများ အားနည်းလျက်ရှိသည်။

၇။ ပြည်ပထွက်ခွာအလုပ်လုပ်မည့်သူများအနေဖြင့် ပြည်တွင်းမှ မထွက်ခွာမီ သက်ဆိုင်ရာ နိုင်ငံ၏ အလုပ်အကိုင်ဆိုင်ရာသတင်းအချက်အလက်များ ရရှိနိုင်မှုနည်းပါးနေသည်။

၈။ လူကုန်ကူးမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံများ၏ အစိုးရပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း (သို့) နိုင်ငံ အစိုးရများ နှင့် ဒေသဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းနေသည်။

၉။ မြန်မာနိုင်ငံ အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် လူကုန်ကူးခံရခြင်း ပြဿနာများအပေါ် စိတ်ဝင်စားမှုရှိလာသော်လည်း ထိရောက်စွာအကောင်အထည်ဖော်အရေးယူမှု အားနည်းနေဆဲဖြစ်သည်။

၁၀။ လိင်စိတ်ခံယူမှုကွဲပြားသူများသည် ပြည်သူလူထုကို ကာကွယ်ပေးရန်တာဝန်ရှိသော ပုဂ္ဂိုလ်အများစု၏ တရားလက်လွတ် ညှင်းပမ်းနှိပ်စက်ဖမ်းဆီးခြင်းများ၊ စိတ်ပိုင်း ရုပ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ နှိပ်စက်ခြင်းများကို ခံစားနေရလျက်ရှိနေသည်။

၁၁။ မိသားစုနှင့်ကျောင်းတွင်း၊ လုပ်ငန်းခွင်များတွင်လည်း အဝတ်အစား၊ နေထိုင်ပြုမူမှုပုံစံများ ကွဲပြားသည့် အတွက် ခွဲခြားဆက်ဆံမှုများကို ခံစားနေရသော ပြဿနာများ ရင်ဆိုင်နေရလျက်ရှိသည်။

၁၂။ မီဒီယာများတွင်လည်း လိင်စိတ်ခံယူမှု ကွဲပြားသူများအပေါ်တွင် အဆိုးမြင်စေသော သတင်းအချက်အလက်များ ဖြန့်ဝေနေလျက်ရှိသည်။

၁၃။ မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများထဲတွင် အစားအသောက် ဘေးကင်းလုံခြုံ စိတ်ချရမှု မရှိဆုံးနိုင်ငံဖြစ်နေသည်ဟု သုံးသပ်သည်။ ထို့ကြောင့် စားသုံးသူ အခွင့်အရေးနှင့် အစားအသောက် ဘေးကင်း လုံခြုံရေးသည် အမျိုးသားရေး တာဝန် တစ်ရပ်ဖြစ်သည်ဟု ရှုမြင်သည်။

၁၄။ တစ်နှစ်ထက်တစ်နှစ် ဖြစ်ပွားမှုနှုန်း အဆမတန် မြင့်တက်လျက်ရှိသော ကင်ဆာရောဂါအန္တရာယ်သည် မြန်မာနိုင်ငံတွင် လူကြီးပိုင်းများ သာမက လူလတ်ပိုင်း၊ လူငယ်ပိုင်းနှင့် ကလေးသူငယ်များကိုပါ ခြိမ်းခြောက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးခြင်းနှင့် ဆေးကုသစရိတ်ကြီးမြင့်ခြင်းတို့ကြောင့် နိုင်ငံတော်ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်လာနိုင်သဖြင့် အမျိုးသားရေးအန္တရာယ် အဖြစ်ရှုမြင် သုံးသပ်သည်။

***ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍***

၁၅။ ဘာသာစကားအသုံးပြုမှုနှင့် လူမှုဖွံ့ဖြိုးရေး ဆက်စပ်မှုသည် အဓိကနေရာတွင် ရှိနေသည်ဟု သုံးသပ်ပြီး တိုင်းရင်းသားကလေးများ ပညာသင်ကြားရေးတွင် မိခင်ဘာသာစကား နှင့်စာပေ အသုံးပြုခွင့် မရရှိခြင်းကြောင့် စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရလျက်ရှိသည်။

၁၆။ တိုင်းရင်းသားကလေးငယ်များပညာသင်ကြားရာတွင် တွေ့ကြုံနေရသော မြန်မာဘာသာစကား အခက်အခဲများကို ပညာရေးမူဝါဒချမှတ်သူများ သိရှိနားလည်မှု အားနည်းသည်။

၁၇။ တိုင်းရင်းသားဘာသာစကား တတ်ကျွမ်းသူဆရာ/ဆရာမများ နည်းပါးနေသဖြင့် စာသင်ခန်းအတွင်း ဆရာ-ကျောင်းသား ဆက်သွယ်ရေး(Classroom Communication) အခက်အခဲ ကြီးမားနေသောကြောင့် ယင်းအခက်အခဲကို နိုင်ငံတော်မှ ဖြေရှင်းပေးရန်လိုအပ်နေသည်။

၁၈။ ကျန်းမာရေးလုပ်ငန်းများတွင် ပြည်သူလူထုများပါဝင်ဆောင်ရွက်ရေး(Inclusiveness)အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍသည် အရေးပါအရာရောက်ပါသည်။ ကျန်းမာရေး ဝန်

ကြီးဌာနနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများအကြားတွင်လည်း လက်ရှိအနေအထားထက် ပိုမိုပူး ပေါင်းဆောင်ရွက်ရန် လိုအပ်နေပါသည်။

၁၉။ အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများအတွက် အရည်အသွေးပြည့်မီသော ဆေးရုံ ဆေးခန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်နေပါသည်။
၂၀။ မြန်မာနိုင်ငံတွင် ဆရာဝန်များကို တိုးချဲ့လေ့ကျင့်မွေးထုတ်ပေးရန်လိုအပ်နေချိန်တွင် ကျေးလက် နှင့် မြို့ပြများရှိ အမှန်တကယ် ဆရာဝန်တာဝန် ထမ်းဆောင်လိုသူများအတွက် အရည်အချင်းရှိလျက် ပညာသင်ကြားမှု အခွင့်အရေးဆုံးရှုံးနေသောသူများရှိနေပါသည်။

၂၁။ ချေးငွေထုတ်ချေးပေးသော်လည်း ကြေအောင်မဆပ်နိုင်ခြင်း ရှိပါသည်။ အဓိကပြဿနာမှာ အ လုပ်အကိုင် အခွင့်အလမ်းနည်းပါးနေခြင်း နှင့် လောင်းကစားအလွန်များပြားနေခြင်းကြောင့် ဖြစ်ပါ သည်။

၂၂။ လက်ရှိအတိုးနှုန်းသည် လုပ်ငန်းခွင်တွင်လုပ်ဆောင်နေသော ဝန်ထမ်းများစရိတ်နှင့် အခြား ဝန် ဆောင်မှုစရိတ်များရှိသည့်အတွက် မလုံလောက်သောကြောင့် တိုးလိုက်ပါက ပြည်သူများအခက်အခဲ ရှိနိုင်မည် ဖြစ်သည့်အတွက် လက်ရှိအချိန်တွင် တိုးမြှင့်ရန် မသင့်သေးကြောင်း တွေ့ရသည်။

၂၃။ အချို့နေရာများတွင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ထပ်နေသဖြင့် ချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် အခက်အခဲရှိပါသည်။

***ငြိမ်းချမ်းရေးနှင့်ပတ်သက်၍***

၂၄။ မြန်မာနိုင်ငံ၏ အခြေခံပညာရေးတွင် မတူကွဲပြားသော နောက်ခံမှလူမျိုးများ အပြန်အလှန် လေးစား တန်ဖိုးထားမှုများဖြင့် အတူတကွနေထိုင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးနိုင်ခြင်း အလွန် အားနည်းကြောင်း တွေ့ရသည်။

၂၅။ ပဋိပက္ခဖြစ်ပွားဆဲနှင့် ပဋိပက္ခလွန်ဒေသများတွင် စိတ်ဒဏ်ရာခံစားရသူများအတွက် လုံလောက် သည့် စိတ်ဒဏ်ရာ ကုသပေးသည့် အစီအစဉ်များ အလွန်အမင်းနည်းပါးကြောင်း တွေ့ရသည်။

၂၆။ ပဋိပက္ခဖြစ်ပွားဆဲနှင့် ပဋိပက္ခလွန်ဒေသများတွင် နှစ်ဦးနှစ်ဖက်အပြီးသတ် သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိမီ ကြီးမားသောရင်းနှီးမြုပ်နှံမှု စီမံကိန်းများ အကောင်အထည် ဖော်ခြင်း

သည် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များအပေါ် ထိခိုက်နိုင်ကြောင်း တွေ့ရှိရသည်။

၂၇။ မြန်မာနိုင်ငံ၏သမိုင်းကြောင်းတလျှောက် တိုင်းရင်းသားများအချင်းချင်း အပြန်အလှန် သင့်မြတ်လိုသော စိတ်ဓာတ်အရင်းခံဖြင့် မဟုတ်ဘဲ လူမျိုးကြီးတစ်ခုက လွှမ်းမိုး ချုပ်ကိုင်လိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုများ အောင်မြင်မှု မရရှိခဲ့ကြောင်း တွေ့ရှိရသည်။

၂၈။ ပဋိပက္ခဖြစ်ပွားရာ နေရာဒေသများမှ အမျိုးသမီး၊ အမျိုးသားများအနေဖြင့် လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကောင်းမွန်စွာ သိရှိနားလည်နေခြင်း မရှိကြောင်း တွေ့ရသည်။

၂၉။ ဘာသာတရားတိုင်းသည် ငြိမ်းချမ်းရေးကို ဦးတည်ကြသော်လည်း ဘာသာရေးကို နိုင်ငံရေး၊ လူမျိုးရေး အမြတ်ထုတ်မှု ပါဝင်လာပါက ပဋိပက္ခနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရသည်။

၃၀။ နိုင်ငံတော်အစိုးရ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကြား အပစ်အခတ်ရပ်စဲရေး စေ့စပ်ဆွေးနွေးပွဲများ အပါအဝင် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်အဆင့်၌ အမျိုးသမီးများပါဝင်မှု မရှိသလောက် ဖြစ်ကြောင်း တွေ့ရသည်။

၃၁။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ဂျန်ဒါ(Gender) အမြင်ပါရှိစေရန်နှင့် အမျိုးသမီးများ၏ပါဝင်မှုကို ခိုင်မာသေချာစေရန် တိုက်တွန်းထားသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အပါအဝင် ဆုံးဖြတ်ချက် ၁၈၂၀၊ ၁၉၆၀၊ ၂၁၀၆၊ ၁၈၈၂ တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ မတွေ့ရှိရ သေးပါ။

၃၂။ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် အမျိုးသမီးများ ငြိမ်းချမ်းရေးဆိုင်ရာ ကွန်ယက်တစ်ခု ပေါ်ပေါက်ရန် လိုအပ်နေသည်။

၃၃။ မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပဋိပက္ခကြောင့် တိုက်ရိုက် ထိခိုက်ခံစားရသူများ၏ သဘောထားဆန္ဒများ၊ ၎င်းတို့၏ကိုယ်စားလှယ်များ ပါဝင်နိုင်သည့် အနေအထား၊ အခြေအနေမျိုးမရှိကြောင်း တွေ့ရသည်။

၃၄။ အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ခြင်းလုပ်ငန်းစဉ်များတွင် ဒေသခံလူမှုအဖွဲ့အစည်းများကိုယ်တိုင် လုံခြုံစိတ်ချရသော စောင့်ကြည့်လေ့လာနိုင်သည့် ယန္တရား (Mechanism) မရှိနေသေးကြောင်း တွေ့ရသည်။

၃၅။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်တွင်းငြိမ်းချမ်းရေးကို ဖြစ်ထွန်းစေနိုင်သည့် ဒီမိုကရေစီနည်းကျ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး (Democratic Civil-Military Relation) ကို ဖော်ညွှန်းထားခြင်းမရှိကြောင်း တွေ့ရသည်။

***ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍***

၃၆။ မြို့ပြဟာဥ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပိုမိုကြပ်မတ်ဆောင်ရွက်ပေးခြင်း လျော့နည်းနေပြီး စည်းကမ်းဥပဒေများ ထုတ်ခြင်း အတွက် ဗဟုသုတများကို ပြည်သူများအား သိရှိစေရန် ဆောင်ရွက်ပေးရေး အားနည်းနေသည်။ ကားပိတ်ခြင်းကြောင့် ကုန်ဆုံးသော စွမ်းအင်များ ( လူ့စွမ်းအား၊ အချိန်တန်ဖိုး နှင့် လောင်စာစွမ်းအင်) များပြားနေသကဲ့သို့ ကာဗွန်အဆိပ်အတောက်ထုတ်လွှတ်မှုလည်း များပြားနေသည်။

၃၇။ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျော့ချရေးလုပ်ငန်းကို ဦးစားပေးအဖြစ် အရေးတကြီး ဆောင်ရွက်သင့်ပြီး ချမ်းသာသူများ၏ အခွန်ထွက်ပင်ရင်းအစစ်အမှန်ကို ဖော်ထုတ်နိုင်ရန် လိုအပ်သည်။

၃၈။ လျှပ်စစ်မီးရရှိရေးနှင့် ရေကောင်းရေသန့် ရရှိရေးအား မြို့ပြ၊ ကျေးလက်များတွင် ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရန်နှင့် "မီတာခ တစ်ယူနစ်ခ မတိုးမြှင့်ရေး၊ လျှပ်စစ်မီးမှန်မှန်ရရှိရေး" သည် အရေးကြီးလိုအပ်ချက် ဖြစ်ပါသည်။

၃၉။ မြန်မာနိုင်ငံ ဒီမိုကရေစီ ဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို အားတက်သရော လုပ်ဆောင်နေသော လူငယ်ဦးဆောင်အဖွဲ့အစည်းများ၊ လူငယ်အခြေပြုအဖွဲ့အစည်းများရှိသကဲ့သို့ စိတ်ပါဝင်စားမှုမရှိသော၊ စိတ်ပါဝင်စားသော်လည်း မည်ကဲ့သို့စတင်လုပ်ဆောင်ရမည်ကို မသိသော လူငယ်အများအပြား ရှိကြောင်းတွေ့ရပါသည်။

၄၀။ လူငယ်ရေးရာနှင့် ပညာရေးဆိုင်ရာများတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု အားနည်းနေသည့်အပြင် လူငယ့်ရေးရာ မူဝါဒများ ချမှတ်ရေးဆွဲဖော်ဆောင်ရာတွင် အရပ်ဘက်လူငယ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်မှုမရှိကြောင်းတွေ့ရသည်။

၄၁။ ဒီမိုကရေစီ ဖော်ဆောင်ရေးဖြစ်စဉ်များတွင် ဒီမိုကရေစီအနှစ်သာရများကို လူငယ်များအကြား သိရှိနားလည်သင့်သကဲ့သို့ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု အလေ့အကျင့်များလည်း ပျံ့နှံ့ရန်လိုအပ်နေပါသည်။

၄၂။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအကြောင်း ကျေးလက်၊ မြို့နေလူတန်းစားအားလုံး နားလည် သဘောပေါက်စေရန် ပညာပေးဖြန့်ဝေရန်လိုအပ်ကြောင်း တွေ့ရသည်။

၄၃။ အစိုးရယန္တယားတွင် တာဝန်ခံမှု၊ ပွင့်လင်းမှုနှင့် ရိုးရှင်းမှုရှိစေရန်အတွက် တည်ဆောက်ခြင်း လိုအပ်ကြောင်းတွေ့ရသည်။

*ထိုသုံးသပ်ချက်များအပေါ် အခြေပြု၍ မြန်မာပြည်သူ့ဖိုရမ်သို့ တက်ရောက်လာသူများက နိုင်ငံတော်အစိုးရအပေါ် အောက်ပါအတိုင်း အကြံပြုတောင်းဆိုသည်။*

***လူ့အခွင့်အရေး၊ တရားမျှတမှုနှင့်ပတ်သက်၍***

၁။ ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRC)နှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးသဘောတူစာချုပ်(CEDAW)တို့၏ နောက်ဆက်တွဲ စာချုပ်များ(Protocols)အပါအဝင် တခြားလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များကို အမြန်ဆုံးလက်မှတ်ရေးထိုး လိုက်နာရန်၊

၂။ အစိုးရ၏ဥပဒေပြုမှုတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံး နှင့် တိုင်ပင်ဆွေးနွေး၍ လူ့အခွင့်အရေး အမြင်၊ ရှုထောင့်၊ စံချိန်စံညွှန်းများအတိုင်း သုံးသပ်ပြုစုရန်။ ဥပမာ။ ။ ကလေးလုပ်သားများအရေး၊ အခြေခံလစာ၊ အလုပ်ချိန်၊ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေများသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီ ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ

၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နေသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကို နိုင်ငံတော်မှ ဥပဒေဖြင့် ကာကွယ်ပေးရန်၊

၃။ မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေကို ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေး သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း(ILO)၏ စာချုပ်များပါ ပြဋ္ဌာန်းချက်များနှင့်အညီသော် လည်းကောင်း၊ မြန်မာနိုင်ငံက လေးစားလိုက်နာရန်၊ ကတိကဝတ်ပြုထားသော နိုင်ငံတကာစာချုပ်များ၊ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုပြင် ပြင်ဆင် ရေးဆွဲပေးရန်၊

၄။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များပါ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး၊ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံချက်ကို အားလုံးပါဝင်နိုင်မှုဖြင့် အမြန်ဆုံးရေးဆွဲရန်နှင့် လိုအပ်သော ဘတ်ဂျက်များ တိကျစွာ ခွဲဝေချမှတ် အကောင်အထည်ဖော်ရန်။

၅။ ကလေးသူငယ်အခွင့်အရေးအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးရန်၊

၆။ တရားရေးမဏ္ဍိုင်တွင်ရှိသောဝန်ထမ်းများကို အခြေခံလူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးများ၊ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍ ကျွမ်းကျင်နားလည်အောင် လုပ်ပေးရန်၊

၇။ အစိုးရအနေဖြင့် ကုလသမဂ္ဂမူဘောင်စည်းမျဉ်းများ(UN Guiding Principles)ကို စီးပွားရေး လုပ်ငန်းများ နှင့် ချုပ်ဆိုသော ရင်းနှီးမြှုပ်နှံမှုစာချုပ်များတွင် လိုက်နာရန်စည်းကမ်းများအဖြစ် ထည့်သွင်းချုပ်ဆိုပေးရန်၊ လက်ရှိသဘာဝပတ်ဝန်းကျင်၊ ဒေသဆိုင်ရာ ယဉ်ကျေးမှုနှင့် လူမှုဘဝကာကွယ်မှုဆိုင်ရာ ဥပဒေများ လုံလောက်စွာ မရှိသေးသည့်အချိန်တွင် အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာ အဆင့်အတန်းများ နှင့်အညီ ကျင့်သုံးရန်၊ ဥပမာ- လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီးပွားရေး စီမံကိန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက်များ(EIA)၊ လူမှုဘဝထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက်များ(SIA) နှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ချက်များ (HIA) ပြုလုပ်ရာတွင်လည်းကောင်း IFC Environmental, Health and Safety Guidelines များအတိုင်း မူဝါဒတစ်ရပ်အနေဖြင့် လိုက်နာဆောင်ရွက်ရန်၊

၈။ စီးပွားရေးစီမံကိန်းများကြောင့် ဖြစ်ပေါ်လာသော မြေယာပြဿနာများနှင့် လျော်ကြေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် ငွေကြေးတစ်ခုတည်းသာမက သင့်လျော်သည့်မြေယာများအား အစားထိုးပြီး၊ မူလအခြေအနေထက်မနိမ့်ကျသော သို့မဟုတ် ပိုမိုသာလွန်သော အသက်မွေးဝမ်းကြောင်း ပြုနိုင်သည်အထိ စီစဉ်ပေးရန်၊

၉။ မြန်မာနိုင်ငံအဝှမ်း မတရားသိမ်းဆည်းထားသော လယ်ယာမြေပြဿနာများကို အမြန်ဆုံး ဖြေရှင်းပေးရန် နှင့် စိုက်ပျိုးရေး၊ တောင်သူလယ်သမားရေးရာဥပဒေများသည် စီးပွားရေး လုပ်ငန်းကြီးများထက် တောင်သူလယ်သမားများကို အစိုးရမှ အမှန်တကယ်ကာကွယ်ပေးရန်၊

၁၀။ အစိုးရအနေဖြင့် EITI တွင် ပါဝင်နိုင်ရန်ကြိုးစားအားထုတ်မှုကို ကြိုဆိုပါသည်။သို့ရာတွင် စီးပွားရေးကဏ္ဍများ အားလုံးတွင် ပွင့်လင်းမြင်သာမှုရှိရေး လုပ်ဆောင်ရပါမည်။ ထို့အပြင်ပါဝင် ပတ်သက်သူများ (Stakeholders) အားလုံးနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ ကြိုတင်အသိပေး၍ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ပေးခြင်း(FPIC)ကိုကျင့်သုံးရန်၊

၁၁။ အထူးစီးပွားရေးဇုန်စီမံကိန်းများ တွင် ပြည်သူလူထု၏ အခက်အခဲပြဿနာ များကို တိုက်ရိုက်တိုင်ကြားနိုင်သည့် ဌာန(Complaint Mechanism) တို့ကို ဖွဲ့စည်းထားရန်၊ ထိုအဖွဲ့အစည်း ဌာနများ၏ တာဝန်ဝတ္တရားနှင့် အကောင်အထည် ဖော်ဆောင်မှုပုံစံကို ရှင်းလင်းစွာ ဖော်ပြထားပြီး ပြည်သူလူထုမှ လွယ်ကူစွာဆက်သွယ်ဆောင်ရွက်နိုင်မည့် အခြေအနေမျိုးဖြစ်ရန်၊ အရပ်ဘက်အဖွဲ့ အစည်းများသည် စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေး လေးစားလိုက်နာမှုအတွက် စောင့်ကြည့်ခွင့်ရရှိရမည်ဖြစ်ပြီး ၎င်းအတွက်လိုအပ်သော နည်းပညာနှင့် အရင်းအနှီးတို့ကို ရရှိစေရန်။

၁၂။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၇၇)နှင့် အခြားဖိနှိပ်ခွဲခြားထားသည့် ဥပဒေများ ပယ်ဖျက်ပြီး လိင်စိတ်ခံယူမှုကွဲပြားသူများအတွက် တန်းတူအခွင့်အရေးများ ရရှိလာအောင်၊ ဥပဒေအရ အကာအကွယ် ပေးမှုများ ရှိလာအောင်၊ ဥပဒေများ ပြင်ဆင်ရေး လုပ်ဆောင်မှုများ ပြုလုပ်ရန်၊

၁၃။ လိင်စိတ်ခံယူမှုနှင့် ကျား၊ မ သတ်မှတ်မှုအပေါ် အခြေခံသည့် ဝိသေသလက္ခဏာ (sexual orientation and gender identity) ကို မိသားစု၊ ပတ်ဝန်းကျင်၊ ကျောင်းပညာရေးတွင် ပညာပေးမှုများ လုပ်ဆောင်ပေးရန်၊

၁၄။ မြန်မာနိုင်ငံတွင် အခြားအာဆီယံ နိုင်ငံများနည်းတူ စားသုံးသူ အခွင့်အရေးကာကွယ်သည့် ဥပဒေတစ်ရပ် အမြန်ဆုံးပြဋ္ဌာန်းအတည်ပြုနိုင်ရန်နှင့် အစားအသောက်ဥပဒေတွင် ပုဒ်မ (၃၄) နှင့် ခေတ်ကာ

လ နှင့် မလျော်ညီတော့သောပြစ်ဒဏ်များကိုလည်း ပြင်ဆင်ရန်၊ (ဥပမာ-အမျိုးသားအစားအသောက် ဥပဒေပြစ်မှုနှင့် ပြစ်ဒဏ် အခန်းတွင် ထောင်ဒဏ် (၃)နှစ် ဖြစ်စေ၊ ဒဏ်ငွေ…ထိဖြစ်စေဆိုသော ပြဋ္ဌာန်းချက်မျိုး၌ (၃) နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဆိုသော ပြစ်ဒဏ်ပြဋ္ဌာန်းချက်မျိုး)

၁၅။ ကူးသန်းရောင်းဝယ်ရေး နှင့် စားသုံးသူရေးရာ ဦးစီးဌာန အောက်တွင် ပြည်သူအားလုံး ယုံကြည်စိတ်ချ အားထားရသော နိုင်ငံတကာ အဆင့်မီ အမျိုးသားဓါတ်ခွဲခန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် မဖြစ်မနေ တည်ထောင်ရန်၊

၁၆။ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အနေဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရရှိရန်အတွက် အဂတိတရားကင်းရှင်းပြီး မိမိတို့ဌာနမှ ထောက်ခံချက်ပေးထားသော စားသောက်ကုန်ပစ္စည်းများကိုလည်း အနည်းဆုံးသုံးလတစ်ကြိမ်စစ်ဆေး၍ စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများကို မီဒီယာများမှ အသိပေးကြေညာချက်များ ထုတ်ပြန်ရန်၊

၁၇။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ဓါတုပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာ သုံးစွဲမှုများကို လျှော့ချပြီး သဘာဝမြေသြဇာနှင့် ဇီဝပိုးသတ်ဆေးများကို ပြောင်းလဲအသုံးပြုရန်၊

***ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍***

၁၈။ ဘေးအန္တရာယ်တုံ့ပြန် ဆောင်ရွက်ရေးအသင်းများကို ပြည်နယ်တိုင်း မြို့နယ်ရပ်ကျေးများအလိုက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အဖွဲ့အစည်းများကို လုံလောက်စွာ ဖွဲ့စည်းထားပေးပြီး အရေးပေါ်တုန့်ပြန်ဆောင်ရွက်ရေး လုပ်ငန်းများအား စနစ်တကျအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းများပေးရန်၊ အသင်းသားများ၏ ကျွမ်းကျင်မှု၊ အသိပညာ နှင့် ခံယူချက် များတိုးတက်စေရေးအတွက် စဉ်ဆက်မပျက် လေ့ကျင့်စုဖွဲ့ထားရန်၊

၁၉။ အရေးပေါ် ဘေးအန္တရာယ် ဖြစ်ပွားနေသည့်အချိန်တွင် ထိရောက်လျင်မြန်စွာ ကယ်တင်နိုင်ရေး အတွက် လိုအပ်သည့် ပြင်ဆင်ခြင်း၊ ဖြည့်ဆည်းခြင်း၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲခြင်းများနှင့် ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေးအား ပြည့်စုံစွာ ဆောင်ရွက်ထားရှိပေးပြီး အသင်းဖွဲ့စည်းရေး

အတွက် လိုအပ်သည့် ပစ္စည်း၊ ကိရိယာ များ ပြည့်စုံစွာ ရရှိရေး ၊ လိုအပ်သည့် အခြားအထောက်အပံ့ များရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်များနှင့် နိုင်ငံတော် အစီအစဉ်ဖြင့် ပံ့ပိုးဆောင်ရွက် ပေးရန်၊

၂၀။ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် Early Warning System ကို နည်းလမ်းစုံဖြင့် ကြို တင်ဖြန့်ဖြူးပေးရန်နှင့် ၎င်းနှင့်ဆိုင်သည့် သတင်းအချက်အလက်များအား လူထုသိရှိရန် ဆက်သွယ် ရေးနည်းလမ်းစုံဖြင့် ဆောင်ရွက်ပေးရန်၊ ၎င်းကိစ္စရပ်များအား အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် ပူး ပေါင်း၍ People Protection ကိစ္စများကို ဆောင်ရွက်သွားရန်၊

၂၁။ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ တိုင်းရင်းသားရေးရာ ကော်မတီများ၏ ကလေးငယ်များ သင်ကြားသင် ယူမှု လွယ်ကူစေရန်အတွက်ကြိုးပမ်းလုပ်ဆောင်နေမှုများကို အစိုးရကဝိုင်းဝန်းပံ့ပိုးပေးရန်၊

၂၂။ ယခင်ရှိနှင့်ပြီးသော တိုင်းရင်းသားအခြေပြု စာသင်ကျောင်းများအား ပြန်လည် အားကောင်းလာ အောင် လုပ်ဆောင်ပေးရန်နှင့် အသစ်ထူထောင်ပေးရန်၊

၂၃။ ပညာရေးမူဝါဒချမှတ်သူများအနေဖြင့် တိုင်းရင်းသားကလေးငယ်များ ရင်ဆိုင်ကြုံတွေ့နေရသော ဗမာဘာသာစကား အခက်အခဲကို ဖြေလျှော့ပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးရန်။

၂၄။ ကျန်းမာရေးမူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ကျန်းမာ ရေးဝန်ကြီးဌာန နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊
၂၅။ ပြည်သူ့ဆေးရုံများ၏ အရည်အသွေးစံချိန်စံညွှန်းများကို မြှင့်တင်ပေးရန် နှင့် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများအားလုံး၏ အရည်အသွေးကို စံနှုန်းများနှင့် ကိုက်ညီခြင်းရှိမရှိ စဉ်ဆက်မပြတ် စောင့်ကြပ် သွားရန်၊

၂၆။ ပညာအရည်အချင်းပြည့်မီပြီး ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းလုပ်လိုသူများအား တိုင်းဒေသ ကြီး နှင့် ပြည်နယ်အလိုက် မှန်ကန်သင့်လျော်သော ပံ့ပိုးမှုများပေးပြီး ဆေးပညာတက္ကသိုလ်များ၏ ရွေး ချယ်မှုစနစ်နှင့် သင်ကြားမှုစနစ်များကို သုံးသပ်ပြင်ဆင်ရန်။

၂၇။ တိုင်းရင်းသားဒေသများရှိ လေ့ကျင့်သင်ကြားပေးထားသည့် လက်ရှိကျန်းမာရေးဝန်ဆောင်မှု ပေး နေသော ကျန်းမာရေးလုပ်သားများကို အစိုးရကျန်းမာရေးဌာနမှ အသိအမှတ်ပြုခြင်းဆိုင်ရာ လက်မှတ် များ ထုတ်ပေးသွားရန်နှင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊

၂၈။  ငွေချေးယူသူပြည်သူများတိုးတက်မှု ရှိစေရန်အတွက် အလုပ်အကိုင်အခွင့်အရေး၊ စွမ်းရည်တိုးမြှင့်ခြင်း(ဥပမာ-အသိပညာပေးခြင်း) နှင့် ဈေးကွက်များဖန်တီးပေးရန် ။

၂၉။ ငွေချေးယူသူပြည်သူများ၏ အဓိကပြဿနာမှာ လောင်းကစားခြင်းဖြစ်သောကြောင့် လောင်းကစား ပပျောက်ရေးအတွက် ဥပဒေအရ ထိရောက်စွာ ဆောင်ရွက်ပေးစေရန်။

၃၀။  အသေးစားငွေစုငွေချေးလုပ်ငန်းဥပဒေတွင် ပြင်ဆင်သင့်သည့် အချက်များအား ထိထိရောက်ရောက် လုပ်ဆောင်ပေးစေရန်၊(ဥပမာ -လိုင်စင်မဲ့ချေးငွေလုပ်ဆောင်နေသော လုပ်ငန်းများအား ဥပဒေဖြင့်တားမြစ်ပေးရန်၊ လိုင်စင်ဖြင့်ခွင့်ပြုသောနယ်မြေထက် ကျော်လွန်ခြင်းမပြုရန်၊ ကြွေးမဆပ်သူများအား အရေးယူပေးရန်)

## *ငြိမ်းချမ်းရေးနှင့်ပတ်သက်၍*

၃၁။  အာဏာရအစိုးရအဆက်ဆက်က လွှမ်းမိုးချုပ်ကိုင်လိုသည့် ရည်ရွယ်ချက်ဖြင့်မဟုတ်ဘဲ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်သင့်မြတ်လိုသော စိတ်ဓာတ်၊ အပြန်အလှန်ခွင့်လွှတ်သောစိတ်ဓာတ်၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်စိတ်ဓာတ်အရင်းခံဖြင့် တန်းတူညီမျှရေး နှင့် ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်၊
၃၂။ လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပွားရာ နေရာဒေသမှ အမျိုးသမီး၊ အမျိုးသားများ ကောင်းမွန်စွာသိရှိနားလည်အောင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ရန်၊
၃၃။ ဘာသာရေးခေါင်းဆောင်များအနေဖြင့် ဘာသာတစ်ခုနှင့် တစ်ခု အမုန်းပွားစေနိုင်သော ဟောပြောမှုများ၊ ရေးသား ထုတ်ဝေမှုမျိုးများ မပြုလုပ်စေရန်နှင့် ဘာသာအချင်းချင်း အပြန်အလှန် လေးစားတန်ဖိုးထားမှု ပိုမိုဖြစ်ထွန်းစေရေး ဆောင်ရွက်ရန်၊

၃၄။  မြန်မာနိုင်ငံ၏ ပညာရေးစနစ်တွင် မတူကွဲပြားသော နောက်ခံမှလူမျိုးများ အပြန်အလှန်လေးစားတန်ဖိုးထား မှုများဖြင့် အတူတကွနေထိုင်နိုင်စေရန် အားပေးဦးတည်သည့် မူဝါဒ၊ သင်ရိုးညွှန်းတမ်း၊ ဆရာဖြစ်လေ့ကျင့်ခြင်းနှင့် တတ်မြောက်ကြောင်း ဆန်းစစ်မှု ပါရှိစေရန်၊

၃၅။ ပဋိပက္ခဖြစ်ပွားဆဲနှင့် ပဋိပက္ခလွန်ဒေသများတွင် စိတ်ဒဏ်ရာခံစားရသူများအတွက် လုံလောက်သည့် စိတ်ဒဏ်ရာကုသပေးသည့် အစီအစဉ်များကို ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ နှင့် လက်တွဲ၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊

၃၆။ ပဋိပက္ခဖြစ်ပွားဆဲ နှင့် ပဋိပက္ခလွန်ဒေသများတွင် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ နှစ်ဦး နှစ်ဖက် အပြီးသတ် သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိမီ ကြီးမားသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ အကောင်အထည်ဖော်ခြင်းများ လုံးဝမပြုလုပ်ရန်၊

၃၇။ ၂၀၁၄ သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းရင်းသားလူမျိုးစုများ နှင့် အမြန်ဆုံးအကြေအလည်ဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်ရန်၊

၃၈။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီး၊ အမျိုးသား တန်းတူညီမျှမှု သဘောတရားအမြင်ပါရှိနိုင်ရန်အတွက် အကြံပေးပုဂ္ဂိုလ် (Gender Advisor) ခန့်ထားရန်၊

၃၉။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အကောင်အထည်ဖော် ဆောင်ရွက်မည့် နိုင်ငံတော် အဆင့်လုပ်ငန်းစဉ် (National UNSCR 1325 Action Plan) ကို ငြိမ်းချမ်းရေးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများ ပါဝင်မှုဖြင့် ရေးဆွဲပြဋ္ဌာန်းရန်၊

၄၀။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အကောင်အထည်ဖော် ဆောင်ရွက်မည့်နိုင်ငံတော် အဆင့်လုပ်ငန်းစဉ်(National UNSCR 1325 Action Plan) ရေးဆွဲပြဋ္ဌာန်းခြင်း မပြုမီကာလတွင် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုဆိုင်ရာ နှစ်ဖက်တွေ့ဆုံ ဆွေးနွေးမှုတိုင်း၌ အမျိုးသမီးများအဓိပ္ပာယ်ရှိစွာ ပါဝင်နိုင်ဖို့ ဖိတ်ကြားပေးရန်၊

၄၁။ မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပဋိပက္ခကြောင့် တိုက်ရိုက် ထိခိုက်ခံစားရသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ သဘောထားဆန္ဒများ နှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ၊ တိကျရှင်းလင်းသည့် လုပ်ပိုင်ခွင့်များဖြင့် ပါဝင်နိုင်သည့်နည်းလမ်း သတ်မှတ်ပေးရန်၊

၄၂။ အပစ်အခတ်ရပ်စဲမှုစောင့်ကြည့်ခြင်းလုပ်ငန်းစဉ်များတွင် ဒေသခံလူမှုအဖွဲ့အစည်းများကိုယ်တိုင် လုံခြုံစိတ်ချရသော စောင့်ကြည့်လေ့လာအစီရင်ခံနိုင်သည့်ယန္တရား (Monitoring and Reporting Mechanism) ဖော်ထုတ်ပေးရန်၊

၄၃။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးသားရာတွင် ပြည်တွင်းငြိမ်းချမ်းရေးကို ဖြစ်ထွန်းစေနိုင်သည့် ဒီမိုကရေစီနည်းကျ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး (Democratic Civil-Military Relation) ကို အာမခံချက်ပေးနိုင်သည့် ပြဋ္ဌာန်းချက်များ (ဥပမာ - တပ်မတော်အပေါ် အရပ်သားသမ္မတ၏ ထိန်းချုပ်ပိုင်ခွင့်) ပါရှိစေရန်၊

***ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍***

၄၄။ အစိုးရက ပညာရေးကဏ္ဍမှတဆင့် လက်ရှိလူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အသိဉာဏ်မြှင့်တင်ရေး လုပ်ဆောင်ရန်အတွက် အမျိုးသားနိုင်ငံရေး ဖြစ်စဉ်များတွင် လူငယ်များ တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်သော လူငယ့်ရေးရာပေါ်လစီတစ်ခုအား မဟာဗျူဟာကျကျ ချမှတ်ပေးရန်၊

၄၅။ ပညာရေး၊ လူမှုရေး နှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်များတွင် ကျေးလက်နေလူငယ်များ တိုင်းရင်းသားလက်နက်ကိုင်လူငယ်များကိုလည်း ထည့်သွင်းစဉ်းစား၍ အကျိုးသက်ရောက်မှု၊ တန်းတူညီမျှမှု သေချာစွာရရှိအောင် လုပ်ဆောင်ပေးရန်၊

၄၆။ မတူညီသော အဖွဲ့အစည်းများနှင့် မတူညီသောစိတ်ပါဝင်စားမှုများအကြား ကွဲပြားခြားနားမှုများ ရှိစေကာမူ နိုင်ငံရေး အပြောင်းအလဲနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် မျိုးဆက်သစ်လူငယ်များ၏ လက်တွဲပူးပေါင်း ဆောင်ရွက်မှုအားကောင်းရန် အရေးကြီးလှသည့်အတွက် လက်ရှိပေါ်ပေါက်လာသော နိုင်ငံလုံးဆိုင်ရာ လူငယ်ကွန်ယက်များနှင့် ဒေသဆိုင်ရာလူငယ်ကွန်ယက်များကို ပိုမိုအားကောင်းလာအောင် ပံ့ပိုးကူညီမှုများလုပ်ဆောင်ပေးရန်၊

၄၇။ မသန်စွမ်းသူများ၏ အခန်းကဏ္ဍကို မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းပေးပြီးမြှင့်တင်ပေးရန်၊

၄၈။ ဒီမိုကရေစီစနစ်ထွန်းကားပြန့်ပွားရေးအတွက် အုပ်ချုပ်ရေးပညာပြန့်ပွားရေးအသင်းများကို ပြည်နယ်၊ တိုင်း၊ ခရိုင်အဆင့်တိုင်းတွင် ဖွဲ့စည်းနိုင်အောင် အစိုးရကကူညီဆောင်ရွက်ပေးပြီး မသန်စွမ်းသူများလည်း တက်ရောက်သင်ယူနိုင်ရေးအတွက် အလေးထား ထည့်သွင်း ဆောင်ရွက်ပေးရန်၊

၄၉။ ပြည်သူ့ရေးရာမူဝါဒချမှတ်ရာတွင် မသန်စွမ်းသူများအတွက် မြို့ပြအထောက်အကူပြုအစီအစဉ် (ဘတ်စ်ကားစနစ်၊ စကြ်န်စနစ်၊ လမ်းအဆောက်အဦးများ) ထည့်သွင်းစဉ်းစား ဒီဇိုင်းထုတ် တည်ဆောက်ပေးရန်၊

၅၀။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ထုံးလုပ်နည်းတွင် ပြည်သူလူထုတစ်ဦးချင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့များ၏ ပါဝင်ဆောင်ရွက်ခွင့်ကို အတိအလင်း ဆောင်ရွက်ပေးရန်၊

၅၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင် သတင်းပေးရာ၌ သတင်းပေးသော လူပုဂ္ဂိုလ်၏လုံခြုံမှု နှင့် တိုင်ကြားသောကြောင့် တရားစွဲခံရခြင်းမှ လွတ်ကင်းခြင်းကို ထည့်သွင်းအာမခံရန်၊

၅၂။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအား ပညာပေးဆွေးနွေးပွဲများပြုလုပ်၍ လည်းကောင်း၊ မီဒီယာလုပ်ငန်းမှလည်းကောင်း၊ ပညာရေးစနစ်၌လည်းကောင်း ထည့်သွင်းဆောင်ရွက်ရန်။

၅၃။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပိုမိုကြပ်မတ်ဆောင်ရွက်ပေးခြင်း လျော့နည်းနေပြီး စည်းကမ်းဥပဒေများထုတ်ခြင်း အတွက် ဗဟုသုတများကို ပြည်သူများအား သိရှိစေရေး ဆောင်ရွက်ရန်၊

၅၄။ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများလျော့နည်းစေရန်အတွက် မှားယွင်းသော သယ်ယူပို့ဆောင်ရေးစနစ်ပြုပြင်ပေးရန် (ဥပမာ စီးတီးတက္ကစီများ မီတာစနစ်ဖြင့် ပြေးဆွဲနိုင်ရန်)၊ စည်းကမ်းထိမ်းသိမ်းရေးအင်အားကို ၂၅၀၀ မှ ၃၀၀၀ အထိ အရပ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် ကုမ္ပဏီများဖြင့် တိုးချဲ့ဖြည့်တင်းရန်၊ မှားယွင်းသောလမ်း စီမံခန့်ခွဲမှုများကို ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးပြုပြင်ရန်၊

၅၅။ ကုန်သွယ်မှုများနှင့် မူပိုင်ခွင့်ဥပဒေများ အမြန်ဆုံးပြဋ္ဌာန်းမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်လာမည်ဖြစ်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် အသိဉာဏ ပစ္စည်းမူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းပေးရန်၊

ယခုထောက်ခံတင်ပြတိုက်တွန်းချက်များသည် မြန်မာနိုင်ငံ တရားမျှတမှုနှင့် လူ့အခွင့်အရေး၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ပိုမိုကောင်းမွန်လာစေရန် အကြံပြုချက်များဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် အထက်ပါထောက်ခံတင်ပြတိုက်တွန်းချက်များကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

အထက်ပါ ထောက်ခံတင်ပြတိုက်တွန်းချက်များကို နိုင်ငံတော်အစိုးရက အရေးယူ ဆောင်ရွက်ပေးသည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ အာဆီယံပြည်သူ့ဖိုရမ်တွင်လည်း ဆက်လက် တင်ပြသွားမည် ဖြစ်သည်။

ဒီဇင်ဘာလ (၁၀) ရက် ၂၀၁၃ ခုနှစ်